အရှေ့ဏ်သစ်မြန်မာ့လူမှုရေးစွမ်းဆောင်ရှင်အသင်း သူနာပြုအကူသင်တန်းစီမံချက်(၂၀၁၂-၂၀၁၃)

## မိတ်ဆက်

အရှေ့ဏ်သစ်မြန်မာ့လူမရေးစွမ်းဆောင်ရှင်အသင်း သည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းလူမှုရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သောအဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ထို့အပြင် အရှေ့ဏ်သစ် မြန်မာ့ လူမှုရေးစွမ်းဆောင်ရှင်အသင်းသည် မည်သည့်အလှူရှင်အဖွဲ့အစည်း ၏ အကူအညီ အထောက် အပံ့မပါပဲ ဒေသ တွင်းရှိ အရင်းအမြစ်များကို အသုံးပြုကာရပ်တည်လျှက်ရှိသောမြန်မာနိုင်ငံသား**<u>စေတနာရှင်ဝန်ထမ်းလုပ်သား</u>**များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

## လုပ်ငန်းစဉ်

အရှေ့ဏ်သစ်မြန်မာ့လူမှုရေးစွမ်းဆောင်ရှင်အသင်းသည် မြန်မာနိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများကိုယ်ဝန်ဆောင်အမျိုးသမီးများ ၊ ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်လျှောက်မှုဖြည့်စည်းပေးနိုင်ရန်နှင့် အမျိုးသမီးများ၊မသန်စွမ်းပုဂ္ဂလ်များ နှင့်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီးမိမိတို့ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်များ ဖေါ်ဆောင်ပေးနိုင်ရန် စီမံကိန်းများချမှတ်အကောင်အထည်ဖေါ်စီစဉ် ဆောင်ရွက်လျှက်ရှိပါသည်။အရှေ့ဏ်သစ်သူနာပြုအကူသင်တန်းစီမံကိန်းသည် အရှေ့ဏ်သစ်မြနမာ့လူမှုရေး စွမ်းဆောင်ရှင်အသင်း၏ အဆိုပါ စီမံချက် များအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။

## သူနာပြုအကူသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်

ကျန်းမာရေးစောင့်လျှောက်မှုပေးရာတွင် သူနာပြုနှင့် သားဖွားများဦးရေသည် အများဆုံး ဖြစ်ပါသည်။သူနာပြုအကူသင်တန်းသည် ဆေးရုံများတွင် မိမိတို့၏ ဆေးရုံလိုအပ်ချက်အရ ဖွင့်လှစ် ခဲ့ကြသည်။ယခုအခါ ပုဂလိကသူနာပြုအကူသင်တန်းများဖွင့်လှစ်နေကြသည်မှာ ကာလ အတန်ကြာပြီးဖြစ်သည်။ နိုင်ငံတော်က အမျိုးသားကျန်းမာရေးစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်နေချိန်တွင် သူနာပြုအကူများသည် ကျေးလက်နှင့် နယ်စပ်ဒေသများရှ ဒေသနေပြည်သူလူထု၏ ကျန်းမာရေးကို အိမ်တိုင်ရာရောက် ပြုစုဆောင်ရွက်မှုပေးနိုင်ပြီး မှန်ကန်သော လူနာလွှဲပြောင်းညွှန်းပို့မှုကို အချိန်မဆောင်ရွက်ပေးနိုင် ရန်ရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။

အမျိုးသမီးနှင့်လူငယ်ထုဘဝ မြှင့်တင်ရေး ဦးတည်ချက်ဖြင့် အရွယ်ရောက်ပြီးအမျိုးသမီးငယ်များ ကိုယ်ပိုင် ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုတစ်ရပ်ကို အချိန်တိုတိုနှင့် တတ်မြောက်နိုင်စေရန်အတွက် စာတွေ့လက်တွေ့ ဘာသာရပ်များဖြင့်သင်ကြားပေးသောသင်တန်းဖြစ်ပါသည်။

## အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း

အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တနးသည် လေးလသင်တန်းဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျွမ်းကျင်သော အခြေခံသူနာပြုစုမှု နည်းပညာကို အသုံးပြုပြီး မိမိဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးစေရန်ဖြစ်ပါသည်။တက်ရောက်အောင်မြင်သော သင်တန်းသားများသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးမြှင့်တင်ရေး၊ ကာကွယ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် အခြားကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက် တတ်ရန်ဖြစ်ပါသည်။

## သင်တန်းရည်ရွယ်ချက်

သူနာပြုအကူသင်တန်းလေးလ ပြီးဆုံးအောင်မြင်သွားသော သင်တန်းသားများသည် အောက်ပါတို့ကို တတ်မြောက်သွားရမည်။

၁။ လူတစ်ဦး မိသားစုတစ်စုနှင့် လူထု၏ ကျန်းမာရေးချို့ယွင်းချက်ကိုသိရှိနိုင်ပြီး၊ အခြေခံ သူနာပြုစုနည်းပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးတတ်ရမည်။

၂။ ကိုယ်ဝန်ဆောင်မိခင်များ မမွေးမီ မွေးဖွားစဉ် မီးတွင်းနှင့် မွေးကင်းစကလေးများကို ပြုစုတတ်ရမည်။

၃။ အမျိုးသားကျန်းမာရေးစမံကိန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျေးရွာ မြို့နယ် ခရိုင် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရမည်။

၄။ ပြည်သူလူထုများနှင့် ဆက်ဆံခြင်း ကျန်းမာရေးပညာပေးခြင်း တွင် ထိရောက်သော ဆယ်သွယ် ဆောင်ရွက်မှုများ ဖေါ်ဆောင်တတ်ရမည်။

၅။ ရောဂါပြင်းထန်သော လူနာတစ်ဦး၏ အခြေအနေကိုလေ့လာတတ်ပြီး ကူညီဆောင်ရွက်တတ်ရမည်။

၆။ မှန်ကန်သော လူနာလွှဲပြောင်း ညွှန်းပို့မှုကို လုပ်ဆောင်တတ်ရမည်။

## သင်တန်းတက်ရောက်ရန်လိုအပ်ချက်များ

၁။ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ သို့မဟုတ် အနိမ့်ဆုံး အခြေခံပညာအထက်တန်း အဆင့်တက်ရောက်ဖူးသူဖြစ်ရပါမည်။

၂။အသက် ၁၆ နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။

၃။ အင်္ဂလိပ်ဘာသာစကား အခြေခံကောင်းရှိရမည်ဖြစ်ပြီး မြန်မာဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုတတ်ရမည်ဖြစ်သည်။

၄။ သူနာပြုအလုပ်အားစိတ်ဝင်စားသူဖြစ်ရပါမည်။

## သင်တန်းဖွင့်လှစ်မည့်နေရာ

က။ လျှောက်လွှာတင်သွင်းရမည့်နေရာ

တိုက် ၁ အခန်းစိ ၂ ဇေယျာသီရိလမ်း လှည်းတန်း ကမာရွတ်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

အီးမေလ်း – info.aryonethit@gmail.com

ဆက်သွယ်ရန်တယ်လီဖုန်းအမှတ် ၀၉ ၄၉၂ ၃၀ ၂၀၄၊ ၀၉ ၇၃၀ ၃၁ ၄၆၇ ၊ ၀၉ ၄၃၀ ၅၁ ၆၇၇
သင်တန်းတာဝန်ခံ– ဆရာမဒေါ်လွင်လွင်အောင်(သူနာပြုအကူသင်တန်းရေးရာဌာန)
အရုဏ်သစ်မြန်မာ့လူမှုရေးစွမ်းဆောင်ရှင်အသင်း

## စာတွေ့သင်ကြားမည့်နေရာ

တိုက် ၁ အခန်းစိ ၂ ဇေယျာသီရိလမ်း လှည်းတန်း ကမာရွတ်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

## လက်တွေ့သင်ကြားမည့်နေရာ

၁။မြိုင်အထူးကုဆေးခန်း အမှတ်(၉) မဏိမေခလာလမ်း ကြည့်မြင့်တိုင် ရန်ကုန်။

၂။မေရိချပ်မင်းနားမကြားသောကလေးများကျောင်း

၃။လုပ်သားဆေးရုံ

## သင်တန်းကာလနှင့် သင်တန်းဖွင့်လှစ်ပုံ

သင်တန်းတစ်ခု၏ သင်တန်းကာလမှာ **သုံးလ**ဖြစ်သည်။သင်တန်းကို တစ်တန်းပြီး တစ်တန်း ဆက်တိုက်ဖွင့်လှစ်မည်။သင်တန်းသားများ၏

## သင်တန်းကြေး

သင်တန်းကြေးစုစုပေါင်း <u>**ရှစ်သောင်းကျပ**</u> တိတိဖြစ်သည်။

## သင်ကြားနည်းများ (Teaching Methods)

1. Lecture
2. Discussion/Small Group discussion
3. Case Study
4. Bedside Teaching
5. Demonstration /Return Demonstration
6. Written assignment
7. Role play
8. Video/ Library session
9. Self practice under supervision

## သင်ထောက်ကူပစ္စည်းများ (Teaching Medias)

1. White board
2. Overhead projector
3. Multimedia projector
4. Models
5. Real Objects
6. Videos
7. Field Visits
8. Home Visits

## စာမေးပွဲများ(Assessment /Evaluation)

### 1 Final assessment

- ✓ Class work 30%
- ✓ Theory 30%
- ✓ Practical/Viva Voce 40%

## 2 Assessment Papers

- Nursing Foundation
- Maternal and Child Health Nursing
- Adult Health Nursing
- Community Health Nursing
- Mental Health Nursing

## 3 Question Types

- Multiple Choice Question (MCQs)-1 hour 20 questions with 5 stems with single response
- Multiple Short Question (MSQs)-1 hour 10 out of 12